စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေးစီမံကိန်းများအား လေ့လာခြင်း

**(Study on Agricultural Projects Implemented by State Economic Promotion Fund)**

ဒေါ်ပီတိခင်

ဒုတိယလက်ထောက်ဦးစီးမှူး










# Outline
(ဆွေးနွေးမည့်အကြောင်းအရာ)

01 **INTRODUCTION (နိဒါန်း )**

02 **RATIONALE**
(ကျိုးကြောင်းဖော်ပြချက်)

03 **METHODOLOGY (ဆောင်ရွက်သည့်ပုံစံ)**

04 **RESULTS & DISCUSSION (ဆောင်ရွက်မှုရလဒ်များ
နှင့် ဆွေးနွေးချက်များ)**

05 **IMPACTS**
(အကျိုးကျေးဇူးများ)

06 **CONCLUSION (နိဂုံး)**

# INTRODUCTION (နိဒါန်း )

"နိုင်ငံ၏စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်" ဆိုသည့် မူဝါဒနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန် ဤစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။









## ရည်ရွယ်ချက်

(က) တောင်သူများအနေဖြင့် သွင်းအားစုများ ထည့်သွင်းအသုံးပြုခြင်းဖြင့် တစ်ဧကအထွက်နှုန်း ပိုမို တိုးတက် လာစေရန်

(ခ) ဈေးနှုန်းနှင့် ဈေးကွက်သေချာမှုရှိခြင်းဖြင့် တောင်သူ များ ဝင်ငွေပိုမိုရရှိလာပြီး နိုင်ငံ့စီးပွား တိုးတက်မြင့်မားလာစေရန်

(ဂ) စီမံကိန်းတွင်ပါဝင်သော အစုအဖွဲ့အားလုံး အကျိုးအမြတ် ကိုယ်စီ ရရှိစေရန်

(ဃ) အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာစေရန်

(င) ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြည်ပဈေးကွက်များသို့ ပိုမို ချိတ်ဆက်မှုရရှိစေရန်

(စ) ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်များ ရရှိလာစေရန်

## စီမံကိန်းမူဘောင်

(က) တောင်သူများထံသို့ငွေသားဖြင့် ထုတ်မချေးဘဲ (၁)%တောင်သူများ အတွက် လိုအပ်လျက်ရှိသော သွင်းအားစုများကို (သွင်းအားစု ရောင်းချ သူမှ ဝ.၅% နှင့် ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များမှ ဝ.၅%) ဝန်ဆောင်ခ ရယူ၍ ချေးငွေတန်ဖိုးနှင့် ညီမျှသောသွင်းအားစုများသာ ရရှိရေး ဆောင်ရွက်ပေးရန်၊

(ခ) တောင်သူများမှ ပေါက်ဈေးနှင့်အညီ ဝယ်ယူ၊ ကြိတ်ခွဲ၊ ရောင်းချရေး အစုအဖွဲ့များထံသို့ ပြန်လည်ရောင်းချပေးဆပ်ရန်၊

(ဂ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ကြွေးကျန်ရှိသည့် တောင်သူများအနေဖြင့် ကြွေးကျန်ပမာဏ၏ (၂၅)% ပြန်လည် ရောင်းချပေးဆပ်ရန်၊

(ဃ) သွင်းအားစုများ သတ်မှတ်ချိန်အတွင်း အချိန်မီရောက်ရှိ အသုံးပြုနိုင်ရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များက ကြီးကြပ်ဆောင်ရွက်ရန်၊

(င) ချေးငွေထုတ်ချေးပေးသည့် သွင်းအားစုတန်ဖိုးနှင့် ဝန်ဆောင်ခ (၁)% ငွေများအား မပျောက်ပျက်၊ မဆုံးရှုံးအောင် စီမံဆောင်ရွက်ရန်၊

# RATIONALE (ကျိုးကြောင်းဖော်ပြချက်)

## တောင်သူအခက်အခဲ



၁။ အထွက်နှုန်းနည်း

၂။ သွင်းအားစုထည့်သွင်းရန် အရင်းအနှီးမရှိ

၃။ သီးနှံထွက်ကုန်အတွက် ဈေးကွက်မသေချာ

၄။ ဝင်ငွေနည်း

## သီးနှံဝယ်ယူသူအခက်အခဲ



၁။ သီးနှံဝယ်ယူရန် ငွေကြေး အရင်းအနှီးမရှိ

၂။သီးနှံဝယ်ယူရမည့် တောင်သူ မရှိ

၃။သီးနှံအရည်အသွေး ကောင်း ဝယ်ယူလို

## သွင်းအားစုရောင်းချသူ အခက်အခဲ




၁။ ဈေးကွက်တွင် တောင်သူမရှိ

၂။ အရေအတွက် အများကြီး မရောင်းနိုင်

၃။ ရောင်းချရမှုအပေါ်တောင်သူ ထံမှ လက်ငင်း ရောင်းရဖို့ မသေချာ


# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ

## သုံးဦးသုံးဖလှယ် သဘောတူစာချုပ်ချုပ်ဆိုခြင်း

- တောင်သူ အစုအဖွဲ့
- ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့
- သွင်းအားစု ရောင်းချသူ အစုအဖွဲ့

# METHODOLOGY (ဆောင်ရွက်သည့်ပုံစံ)

## စီမံကိန်း ဒီဇိုင်းပုံစံ




## လုပ်ငန်းစဉ်များ

(က) လိုအပ်သည့် ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း
(ခ) ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များအားဖိတ်ခေါ်ခြင်း
(ဂ) ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များ ရွေးချယ်ခြင်း
(ဃ) သွင်းအားစု အစုအဖွဲ့ ဖွဲ့စည်းခြင်း
(င) စီမံကိန်းဆောင်ရွက်မည့် ကျေးရွာများ သတ်မှတ်ခြင်း
(စ) တောင်သူအစုအဖွဲ့/သမဝါယမအသင်း ဖွဲ့စည်းခြင်း
(ဆ) တောင်သူလိုအပ်သော သွင်းအားစုစာရင်းကောက်ယူခြင်း
(ဇ) ဝယ်ယူ၊ ကြိတ်ခွဲ၊တင်ပို့သူအစုအဖွဲ့၊ သွင်းအားစုအစုအဖွဲ့၊ တောင်သူအစုအဖွဲ့ တို့ သုံးဦးသုံးဖလှယ် သဘောတူစာချုပ် ချုပ်ဆိုခြင်း
(ဈ) တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် ဝယ်ယူ ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့တို့ ချေးငွေစာချုပ် ချုပ်ဆိုခြင်း
(ည) တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီမှ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့သို့ ချေးငွေပေးခြင်း
(ဋ) သီးနှံရောင်းချခြင်း
(ဌ) သီးနှံဝယ်ယူခြင်း
(ဍ) တိုင်းဒေသကြီး/ပြည်နယ်အဆင့်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီသို့ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစု အဖွဲ့မှ ချေးငွေပြန်လည်ပေးဆပ်ခြင်း

## ကျပ် (၂၃၀) ဘီလီယံဖြင့်ဆောင်ရွက်သည့် စီမံကိန်းများ

၁ ၂၀၂၂-၂၀၂၃ ခုနှစ် ပဲတီစိမ်း နှင့် နွေစပါးစီမံကိန်း၊

၂ ၂၀၂၃-၂၀၂၄ခုနှစ်မိုးစပါး စီမံကိန်း


၃ ၂၀၂၃-၂၀၂၄ ခုနှစ်၊ ဆောင်ရွက်မည့် နွေစပါးစီမံကိန်း

## ကျပ် (၅၆.၃၁) ဘီလီယံဖြင့် ဆောင်ရွက်သည့် ဆီထွက်သီးနှံ (မြေပဲ၊နှမ်း၊နေကြာ) စီမံကိန်း

၁ ၂၀၂၃-၂၀၂၄ခုနှစ် ဆီထွက်သီးနှံ စီမံကိန်း

# ကျပ် (၂၃၀) ဘီလီယံဖြင့်ဆောင်ရွက်သည့် စီမံကိန်းများ

## ၂၀၂၂-၂၀၂၃ ခုနှစ် ပဲတီစိမ်း စီမံကိန်း၊




ပဲခူးတိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီး

## ၂၀၂၂-၂၀၂၃ခုနှစ်နွေစပါးစီမံကိန်း၊



နေပြည်တော်

စစ်ကိုင်းတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး


မကွေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီး

## ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစီမံကိန်း၊



နေပြည်တော်

ကချင်ပြည်နယ်

မကွေးတိုင်းဒေသကြီး

ရှမ်းပြည်နယ်

ပဲခူးတိုင်းဒေသကြီး

ရခိုင်ပြည်နယ်


ရန်ကုန်တိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီး

မွန်ပြည်နယ်

တနင်္သာရီတိုင်းဒေသကြီး

# ကျပ် (၅၆.၃၁) ဘီလီယံဖြင့်ဆောင်ရွက်သည့် ဆီထွက်သီးနှံ (မြေပဲ၊နှမ်း၊နေကြာ) စီမံကိန်း



နေပြည်တော်
ကချင်ပြည်နယ်
ကရင်ပြည်နယ်
စစ်ကိုင်းတိုင်းဒေသကြီး
ပဲခူးတိုင်းဒေသကြီး
မကွေးတိုင်းဒေသကြီး
မန္တလေးတိုင်းဒေသကြီး
မွန်ပြည်နယ်
ရခိုင်ပြည်နယ်
ရန်ကုန်တိုင်းဒေသကြီး
ရှမ်းပြည်နယ်
ဧရာဝတီတိုင်းဒေသကြီး

# တစ်ဧက ထောက်ပံ့သောနှုန်းထား

၁ဧက

ပဲတီစိမ်းသီးနှံ = ၁၂၀,၀၀၀ (ကျပ်)

စပါးသီးနှံ = ၂၀၀,၀၀၀ (ကျပ်)

မြေပဲသီးနှံ = ၃၀၀,၀၀၀ (ကျပ်)

နှမ်းသီးနှံ = ၁၅၀,၀၀၀ (ကျပ်)

နေကြာသီးနှံ = ၂၀၀,၀၀၀ (ကျပ်)

# RESULTS & DISCUSSION
# (ဆောင်ရွက်မှုရလဒ်များ နှင့် ဆွေးနွေးချက်များ)








## ကျပ် (၂၃၀) ဘီလီယံဖြင့်ဆောင်ရွက်သည့် စီမံကိန်းများ၏ တောင်သူများသို့သွင်းအားစုဖိုးငွေ ထုတ်ပေးနိုင်မှု အခြေအနေ

ကျပ်သန်း

| စဉ် | သီးနှံ | သုံးစွဲပြီးငွေ | ချေးငွေပြန်လည်ရရှိမှု | ချေးငွေရရှိမှု (%) | ချေးငွေကောက်ခံရန်ကျန်ရှိမှု |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ (၃-၄) |
| ၁။ | ပဲတီစိမ်း | ၄၀,၂၉၅.၈၄ | ၄၀,၂၉၅.၈၄ | ၁၀၀ % | - |
| ၂။ | နှမ်းစပါး | ၁၃၃,၈၈၈.၆၇ | ၁၃၃,၈၈၈.၆၇ | ၁၀၀ % | - |
| ၃။ | မိုးစပါး | ၁၃၄,၂၁၂.၅၀၀ | ၉၃,၂၉၁.၅၈၂ | ၇၀ % | ၄၀,၉၂၀.၉၁၈ |
| | စုစုပေါင်း | ၃၀၈,၃၉၇.၀၁ | ၂၆၇,၄၇၆.၀၉ | | ၄၀,၉၂၀.၉၁၈ |


Source: SEPF weekly report(18.2.2024)


# ကျပ် (၅၆.၃၁) ဘီလီယံဖြင့်ဆောင်ရွက်သည့် စီမံကိန်းများ၏ တောင်သူများသို့သွင်းအားစုဖိုးငွေ ထုတ်ပေးနိုင်မှု အခြေအနေ


ကျပ်သန်း


| စဉ် | သီးနှံ | သုံးစွဲပြီးငွေ | ချေးငွေပြန်လည်ရရှိမှု | ချေးငွေရရှိမှု (%) | ချေးငွေကောက်ခံရန်ကျန်ရှိမှု |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ (၃-၄) |
| ၁။ | မြေပဲ | ၂၉,၁၈၀.၄၀၀ | ၀.၀၀၀ | ၀.၀၀၀ | ၂၉,၁၈၀.၄၀၀ |
| ၂။ | နှမ်း | ၁,၄၅၆.၉၅၀ | ၀.၀၀၀ | ၀.၀၀၀ | ၁,၄၅၆.၉၅၀ |
| ၃။ | နေကြာ | ၄,၂၇၁.၆၀၀ | ၀.၀၀၀ | ၀.၀၀၀ | ၄,၂၇၁.၆၀၀ |
| | စုစုပေါင်း | ၃၄,၉၀၈.၉၅၀ | ၀.၀၀၀ | ၀.၀၀၀ | ၃၄,၉၀၈.၉၅၀ |

**Source: SEPF weekly report (18.2.2024)**






**Source: SEPF weekly report (18.2.2024)**

# IMPACTS (အကျိုးကျေးဇူးများ)












# စီမံကိန်းဝင်တောင်သူများ၏ တစ်ဧက အထွက်နှုန်း တိုးတက်လာခြင်း (ပဲတီစိမ်းသီးနှံ)

| စဉ် | တိုင်းဒေသကြီး | စီမံကိန်းဝင်တောင်သူများ၏ ပဲတီစိမ်းတစ်ဧကအထွက်နှုန်း (တင်း/ဧက) | | | တိုင်းဒေသကြီး ပျမ်းမျှအထွက်နှုန်း (တင်း/ဧက) |
|---|---|---|---|---|---|
| | | အမြင့်ဆုံး | အနိမ့်ဆုံး | ပျမ်းမျှ | |
| ၁။ | ပဲခူး | ၂၇.၅၀ | ၁၅.၀၀ | ၂၂.၁၄ | ၂၀.၄၆ |
| ၂။ | ရန်ကုန် | ၂၀.၀၄ | ၁၃.၉၆ | ၁၇.၆၆ | ၁၅.၁၂ |
| ၃။ | ဧရာဝတီ | ၂၃.၀၀ | ၁၄.၅၅ | ၁၈.၅၅ | ၁၇.၂၆ |
| | | ၂၇.၅၀ | ၁၃.၉၆ | ၁၉.၄၅ | ၁၇.၆၁ |

မှတ်ချက်။ ပဲတီစိမ်းစီမံကိန်းတွင် ပါဝင်သော တောင်သူများ၏ တစ်ဧကပျမ်းမျှအထွက်နှုန်းသည် တိုင်းဒေသကြီး၏ ပျမ်းမျှအထွက်နှုန်းထက် **(၁.၈၄) တင်း** ပိုမိုထွက်ရှိသည်ကို တွေ့ရှိရပါသည်။

Source။ လယ်/စီ/အင်းနှင့် စိုက်ဦးစီး တို့၏ စစ်တမ်းကောက်ယူခြင်း သုတေသနအစီရင်ခံစာ

# စီမံကိန်းဝင်တောင်သူများ၏ တစ်ဧက အပေါ်တွင် အကျိုးအမြတ်ရရှိလာခြင်း (ပဲတီစိမ်းသီးနှံ)

| စဉ် | တိုင်းဒေသကြီး | ပျမ်းမျှ တစ်ဧကကုန်ကျစရိတ် (ကျပ်/ဧက) | | | ပျမ်းမျှဝင်ငွေ ကျပ် / ဧက | အကျိုး အမြတ် (+/-) |
|---|---|---|---|---|---|---|
| | | ကိုယ်ပိုင် စိုက်ထုတ်ငွေ | စီမံကိန်း စိုက်ထုတ်ငွေ | စုစုပေါင်း | | |
| ၁။ | ပဲခူး | ၃၂၂,၅၀၀ | ၁၂၀,၀၀၀ | ၄၄၂,၅၀၀ | ၁,၅၄၉,၈၀၀ | (+) ၁,၁၀၇,၃၀၀ |
| ၂။ | ရန်ကုန် | ၆၀၅,၀၀၀ | ၁၂၀,၀၀၀ | ၇၂၅,၀၀၀ | ၁,၃၃၃,၃၃၃ | (+) ၆၀၈,၃၃၃ |
| ၃။ | ဧရာဝတီ | ၁၅၇,၆၀၉ | ၁၂၀,၀၀၀ | ၂၇၇,၆၀၉ | ၉၆၉,၁၂၅ | (+) ၆၉၁,၅၁၆ |
| | ပျမ်းမျှ | ၃၆၁,၇၀၃ | ၁၂၀,၀၀၀ | ၄၈၁,၇၀၃ | ၁,၂၈၄,၀၈၆ | (+) ၈၀၂,၃၈၃ |

မှတ်ချက်။ ပဲတီစိမ်းစီမံကိန်းတွင် ပါဝင်သောတောင်သူများ၏ ပျမ်းမျှတစ်ဧကကုန်ကျစရိတ်မှာ (၄၈၁,၇၀၃) ကျပ်ဖြစ်ပြီး စီမံကိန်းမှ သွင်းအားစုအတွက် စိုက်ထုတ်ငွေ (၁၂၀,၀၀၀) ကျပ် ရရှိခဲ့ပြီး တစ်ဧက ပျမ်းမျှဝင်ငွေမှာ (၁,၂၈၄,၀၈၆) ကျပ်ဖြစ်၍ **အကျိုးအမြတ် (၈၀၂,၃၈၃) ကျပ်** ဖြင့် တောင်သူများအမြတ်ရှိသည်ကို တွေ့ရှိရပါသည်။

Source။ လယ်/စီ/အင်းနှင့် စိုက်ဦးစီး တို့၏ စစ်တမ်းကောက်ယူခြင်း သုတေသနအစီရင်ခံစာ

# စီမံကိန်းဝင်တောင်သူများ၏ တစ်ဧက အထွက်နှုန်း တိုးတက်လာခြင်း (နှမ်းစပါးသီးနှံ)

| စဉ် | တိုင်းဒေသကြီး | စီမံကိန်းဝင်တောင်သူများ၏ နှမ်းစပါးတစ်ဧကအထွက်နှုန်း (တင်း/ဧက) | | | တိုင်းဒေသကြီး ပျမ်းမျှအထွက်နှုန်း (တင်း/ဧက) |
|---|---|---|---|---|---|
| | | အမြင့်ဆုံး | အနိမ့်ဆုံး | ပျမ်းမျှ | |
| ၁။ | နေပြည်တော် | ၁၃၇.၀၀ | ၈၂.၀၀ | ၁၀၂.၄၈ | ၁၀၀.၂၁ |
| ၂။ | စစ်ကိုင်း | ၁၀၅.၄၆ | ၈၀.၀၀ | ၉၂.၀၁ | ၈၅.၅၀ |
| ၃။ | ပဲခူး | ၁၃၀.၅၀ | ၉၄.၄၀ | ၁၀၀.၅၁ | ၉၄.၅၅ |
| ၄။ | မကွေး | ၁၃၀.၂၅ | ၇၈.၅၄ | ၉၃.၄၇ | ၉၀.၆၉ |
| ၅။ | မန္တလေး | ၁၂၅.၇၅ | ၈၀.၀၀ | ၁၀၆.၂၀ | ၁၀၀.၄၇ |
| ၆။ | ရန်ကုန် | ၁၁၀.၁၀ | ၇၈.၅၂ | ၉၅.၅၆ | ၉၀.၁၁ |
| ၇။ | ဧရာဝတီ | ၁၆၀.၀၀ | ၇၁.၁၉ | ၁၀၅.၆၀ | ၁၀၁.၁၃ |
| | | ၁၆၀.၀၀ | ၇၁.၁၉ | ၉၉.၄၀ | ၉၄.၆၇ |

မှတ်ချက်။ နှမ်းစပါးစီမံကိန်းတွင် ပါဝင်သောတောင်သူများ၏ တစ်ဧကပျမ်းမျှအထွက်နှုန်းသည် တိုင်းဒေသကြီး၏ ပျမ်းမျှအထွက်နှုန်းထက် (၄.၇၃) တင်း ပိုမိုထွက်ရှိသည်ကို တွေ့ရှိရပါသည်။

ဇစ်မြစ်။ လယ်/စီ/အင်းနှင့် စိုက်ဦးစီး တို့၏ စစ်တမ်းကောက်ယူခြင်း သုတေသနအစီရင်ခံစာ


# စီမံကိန်းဝင်တောင်သူများ၏ တစ်ကေ အပေါ်တွင် အကျိုးအမြတ်ရရှိလာခြင်း (နွေစပါးသီးနှံ)

| စဉ် | တိုင်းဒေသကြီး | ပျမ်းမျှ တစ်ကေကုန်ကျစရိတ်(ကျပ် / ကေ) | | | ပျမ်းမျှ ဝင်ငွေ ကျပ်/ ကေ | အကျိုးအမြတ် (+/-) |
|---|---|---|---|---|---|---|
| | | ကိုယ်ပိုင် စိုက်ထုတ်ငွေ | စီမံကိန်း စိုက်ထုတ်ငွေ | စုစုပေါင်း | | |
| ၁။ | နေပြည်တော် | ၃၇၉,၅၀၀ | ၂၀၀,၀၀၀ | ၅၇၉,၅၀၀ | ၁,၆၄၃,၃၂၆ | (+) ၁,၀၆၃,၈၂၆ |
| ၂။ | စစ်ကိုင်း | ၄၇၁,၁၁၁ | ၂၀၀,၀၀၀ | ၆၇၁,၁၁၁ | ၁,၄၄၃,၃၁၆ | (+) ၇၇၂,၂၀၅ |
| ၃။ | ပဲခူး | ၅၀၉,၂၂၈ | ၂၀၀,၀၀၀ | ၇၀၉,၂၂၈ | ၁,၆၆၉,၄၅၄ | (+) ၉၆၀,၂၂၆ |
| ၄။ | မကွေး | ၄၆၁,၃၃၃ | ၂၀၀,၀၀၀ | ၆၆၁,၃၃၃ | ၁,၆၁၅,၇၄၀ | (+) ၉၅၄,၄၀၇ |
| ၅။ | မန္တလေး | ၅၃၄,၃၆၂ | ၂၀၀,၀၀၀ | ၇၃၄,၃၆၂ | ၁,၅၀၆,၆၆၄ | (+) ၇၇၂,၃၀၂ |
| ၆။ | ရန်ကုန် | ၄၀၄,၉၁၇ | ၂၀၀,၀၀၀ | ၆၀၄,၉၁၇ | ၁,၇၉၈,၇၁၀ | (+)၁,၁၉၃,၇၉၃ |
| ၇။ | ဧရာဝတီ | ၁၆၄,၅၀၀ | ၂၀၀,၀၀၀ | ၃၆၄,၅၀၀ | ၁,၆၈၂,၈၅၈ | (+)၁,၃၁၈,၃၅၈ |
| | ပျမ်းမျှ | ၄၁၇,၈၅၀ | ၂၀၀,၀၀၀ | ၆၁၇,၈၅၀ | ၁,၆၂၂,၈၆၇ | (+)၁,၀၀၅,၀၁၇ |

မှတ်ချက်။ နွေစပါးစီမံကိန်းတွင် ပါဝင်သောတောင်သူများ၏ ပျမ်းမျှတစ်ကေကုန်ကျစရိတ်မှာ (၆၁၇,၈၅၀)ကျပ်၊ စီမံကိန်းမှ သွင်းအားစုအတွက် စိုက်ထုတ်ငွေ (၂၀၀,၀၀၀)ကျပ် ဖြစ်ပြီး၊ တစ်ကေပျမ်းမျှဝင်ငွေမှာ (၁,၆၂၂,၈၆၇) ကျပ်ဖြစ်ရာ **အကျိုးအမြတ် (၁,၀၀၅,၀၁၇) ကျပ်ဖြင့်** တောင်သူများအမြတ်ရှိသည်ကို တွေ့ရှိရပါသည်။

ဇစ်မြစ်။ လယ်/စီ/အင်းနှင့် စိုက်ဦးစီး တို့၏ စစ်တမ်းကောက်ယူခြင်း သုတေသနအစီရင်ခံစာ

# လှည့်ပတ်ရန်ပုံငွေအဖြစ် သုံးစွဲနိုင်မှု အခြေအနေ




Source: SEPF semi annual report (2023)

## ဝန်ဆောင်ခ ရရှိမှုအခြေအနေ
## (၁၈.၂.၂၀၂၄ ရက်နေ့ထိ)

| | |
|---|---|
| ပဲတီစိမ်း | ကျပ် (၀.၄၀၃) ဘီလီယံ |
| နှေစပါး | ကျပ် (၁.၃၃၉) ဘီလီယံ |
| မိုးစပါး | ကျပ် (၁.၀၁၅) ဘီလီယံ |
| ဆီထွက်သီးနှံ | ကျပ် (၀.၁၄၆) ဘီလီယံ |
| စုစုပေါင်း | ကျပ် ( ၂.၉၀၃ ) ဘီလီယံ |

Source: SEPF weekly report (18.2.2024)

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကြွေးကျန်၏၂၅ % ကောက်ခံ
## ရရှိမှု ( ၉.၂.၂၀၂၄ ရက်နေ့ထိ) (ကျပ်ဘီလီယံ)

| | လျာထား | ကောက်ခံရရှိမှု | % |
|---|---|---|---|
| ပဲတီစိမ်းနှင့် နှေစပါး | ၁၃.၇၈၅ | ၃၃.၁၇၆ | ၂၄၀ % |
| မိုးစပါး | ၄.၇၇၉ | ၇.၀၂၁ | ၁၄၇ % |
| စုစုပေါင်း | ၁၈.၅၆၄ | ၄၀.၁၉၇ | ၂၁၇ % |

Source: MADB weekly report (9.2.2024)

# အကျိုးခံစားခွင့်ရှိသူဦးရေ

## တောင်သူအစုအဖွဲ့

ပဲတီစိမ်း = ၄၄,၉၆၄ ဦး

နွေစပါး = ၁၀၃,၃၃၄ ဦး

မိုးစပါး = ၉၆,၆၈၄ ဦး

၂၄၄,၉၈၂ ဦး

## ဝယ်သူကြိတ်ခွဲတင်ပို့သူအစုအဖွဲ့

ပဲတီစိမ်း = ၇၄ ဦး

နွေစပါး = ၂၁၃ ဦး

မိုးစပါး = ၂၈၇ ဦး

၅၇၄ ဦး

## သွင်းအားစုအစုအဖွဲ့

ပဲတီစိမ်း = ၇၃ ဦး

နွေစပါး = ၁၂၀ ဦး

မိုးစပါး = ၁၅၉ ဦး

၃၅၂ ဦး

Source: Department of Planning Report ( July,2023) ၊ SEPF Report

## စီမံကိန်း၏အားနည်းချက်များ

(က)စာချုပ်ချုပ်ဆိုချိန် နောက်ကျခြင်းနှင့် ချေးငွေပေးချေချိန် နောက်ကျခြင်း၊

(ခ) နိုင်ငံပိုင်စီးပွားမြှင့်တင်ရေးစီမံကိန်းမှ တစ်ကေချေးငွေပမာဏသည် တောင်သူ၏ အမှန်တစ်ကေ ကုန်ကျစရိတ်၏ သုံးပုံတစ်ပုံခန့်သာရှိခြင်း၊

(ဂ) တောင်သူများသည်ချေးငွေနှင့်ညီမျှသောသွင်းအားစုကိုမယူလိုဘဲ ငွေသားကိုသာချေးယူလို ခြင်း ၊

(ဃ) အချို့သောဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့များက အာမခံတင်ပြရန် အခက်အခဲရှိခြင်း၊

# CONCLUSION (နိဂုံး)

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေးစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် တောင်သူများလိုအပ်သည့် သွင်းအားစုများကို ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ခြင်း၊ အထွက်နှုန်းတိုးစေခြင်း၊ ဝင်ငွေတိုးစေခြင်း စသည့်အကျိုးများစွာ ရရှိလာသည့်အပြင် လုပ်ငန်းကွင်းဆက် တစ်ခုလုံးမှာ ပါဝင်သူများအားလုံး အကျိုးဖြစ်ထွန်းလာစေပါသည်။

## REFERENCES

၁။ နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်း၏ အကောင်အထည်ဖော်ရေးစီမံချက်၊ စာချုပ်များ၊ ရန်ပုံငွေစီမံခန့်ခွဲမှုစီမံချက်
၂။ နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်း၏ အပတ်စဉ်အစီရင်ခံစာ
၃။ နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်း၏ လစဉ်အစီရင်ခံစာ
၄။ စီမံကိန်းဦးစီးဌာန၏ အစီရင်ခံစာ
၅။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ အစီရင်ခံစာ
၆။ စိုက်ပျိုးရေးဦးစီးဌာန၏ နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းအတွက် သုတေသနအစီရင်ခံစာ

# ကျေးဇူးတင်ပါသည်။